သာယာဝတီမြို့

မင်းကျောင်းဆရာတော် (ဦးအာသဘ)


၏

# အာနာပါနကမ္မဋ္ဌာန်း


## လက်တွေ့ကျမ်း

15. 5. 67

၆၄



သာယာဝတီမြို့ မင်းကျောင်းဆရာတော် ဦးအာသဘပုံ။



ဆရာတော်ဦး အာသဘ၏နှမ
ဒေါ်သုန္ဒရစန္ဒ မယ်တော် သင်္ကန်းကျွန်းစံပြကျေးရွာထိပ်
ဂူဓွာသေယ ကုန်းခြံ ကျောင်း

ပထမ အကြိမ်

၁၉၆၇ - ခု ဧပြီလ

အုပ်ရေ ၃၀၀၀

(ဇမ္ဗဒါန)

ဒေါ်သုန္ဒရစန္ဒီမယ်တော်

ကင်းလွတ်ခွင့်အမှတ် (၀၄၃၈)
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်( ၁၅၅၁ )
သက်န်းကျွန်း စံပြကျေးရွာထိပ်
ကုစ္ဆာသယကုန်းမြေ-ကျောင်း
ရန်ကုန်မြို့မှ ဇမ္ဗဒါနထုတ်ဝေ၍....

ဒေါ်ခင်နု ( ၀၅၂၇ မြဲ) ပြည်သူ့ပုံနှိပ်တိုက်၊
၆၅-၉၃-လမ်း ကန်တော်ကလေး ရန်ကုန်မြို့တွင်
ရိုက်နှိပ်သည်။

သာယာဝတီမြို့

မင်းကျောင်းဆရာတော် (ဦးအာသဘ)

၏

# အာနာပါနကမ္မဋ္ဌာန်း
# လက်တွေ့ကျမ်း

# နိဒါန်း

ဇဟုဿဝမာချင်၊ ဂမ္ဘီရတ္တပညာဘိ၊ ဂဏ္ဍတ္ထမအမတာဂတိ၊ မြင်တော်မူသော။ ဗဟုဒိဆန္ဒ။ တယခရာ-ရတနာကို။ သဒ္ဒါဗဿဝ။ သုံးဒွါရဖြင့်။ နိမ်ချည့်တန်း။ ထိနှပ်ဖြင့်။ ရှိခိုးတင်ပြီးခါ။ သာယာဝတီ။ ဂုဏ်ရိလျှမ်း။ ခရိုင်မြို့နယ်။မချို့သိုက်မြိုက်။ မင်းကျောင်းတိုက်၌။ ပျော်ပိုက်မကွာ၊ နှစ်ဖြာဂျူရ၊ နိစ္စမယုတ်။ အားထုတ်သေ ရှိတော်မူပေသော၊ မင်းကျောင်း ဆရာတော်ဘုရားကြီးသည်။ သိနားသည်ရန် အမှန်ခက်ခဲ၊ နက်နဲလှစွာ၊ အာနာပါနရှုနည်း၊ နိသျှည်းတို့ဖြင့် သိပ်သည်းစုံလင်၊ တန်ဆာဆင်အပ်သော ဤအာနာပါန ကမ္မဋ္ဌာန်း လက်တွေ့ကျမ်းကို။ မဆုတ်မဆိုင်း။ ဟုတ်တိုင်းမှန်စွာ ရေးသားစည်ထွင် စီရင်တော်မူလေသည်။ ။ ဘဝသုံးသွယ်၊ မင်သယ်ခန်းမှ။ ထွက်လမ်းကိုရှာ သမာဆန္ဒ၊ သံဝေဂနှင့်၊ ပြည့်ဝရင့်သြောင်း ရဟန်းရှင်လူအပေါင်း၊ တို့သည် ရေလယ်မှာပေါ်ထွန်းသည့်၊ ကျွန်းကြီးအသား နိဗ္ဗာန်တရားကို၊ ဝိပဿနာအခြေခံ မဂ်ဖိုလ်ညာဏ်ဖြင့် အမြန်ဆက်ရောက်၊ မျက်မှောက်ဒိဋ္ဌ ကောင်းစွာမြင်ရခြင်း အကြိုးငှာ။ ဤအာနာပါန ကမ္မဋ္ဌာန်းလက်တွေ့ကျမ်းကို သဒ္ဒါ၊ ပညာ ညီမျှစွာနှင့် သေချာစေ့စပ် သုံးသပ်ကြည့်ရှုကြပါစေကုန်သတည်း ။ သေချာစေ့စပ်၊ သုံးသပ်ကြည့်ရှုကြပြီးလျှင် မှန်စွာမယုတ် အားထုတ်ပွားများနိုင်ကြပါစေကုန်သတည်း။

# မာတိကာ


၁။ ။ကမ္မဋ္ဌာန်းလှာတောင်းသောသူတို့စိစစ်ချက်

၂။ ။ခန္ဓာကိုယ်ကို ဘုရားသခင်အားအပ်နှင်းပုံ

၃။ ။ဖုသနနည်းကိုပြဆိုချက်

၄။ ။ဂဏနာနည်းကိုပြဆိုချက်

၅။ ။ဒီဃဲ ကိုပြဆိုချက်

၆။ ။ရဿ ကိုပြဆိုချက်

၇။ ။နိမိတ်မှထင်နိုင်သောပုဂ္ဂိုလ်တို့ကိုပြဆိုချက်

၈။ ။နိမိတ်ထင်ပုံကိုပြဆိုချက်

၉။ ။နမိတ်ထင်ပုံကား

၁၀။ ။ဥဂ္ဂဟနိမိတ်ထင်အောင်အားထုတ်ပုံကား

၁၁။ ။အနုဗန္ဓနာနည်းကိုပြဆိုချက်

၁၂။ ။ပဋိဘာဂနိမိတ်ရအောင် အားထုတ်ချက်

၁၃။ ။ဥပစာရသမာဓိကိုပြဆိုချက်

## ၁။ ကမ္မဋ္ဌာန်းလာတောင်းသောသူတို့စိစစ်ချက်

ကမ္မဋ္ဌာန်းလာတောင်းသော်

တရားကို မဆုတ်မနစ်သော လုံ့လဖြင့် စားစာယ်တနီး အားထုတ်မည့်သူ ဟုတ်၊မဟုတ်ကို စူးစမ်းအပ်၏။ ဟုတ်ခဲ့သော် ခန္ဓာကိုယ်ကို ဘုရားသခင်အား အပ်နှင်းအပ်၏။

## ၂။ ခန္ဓာကိုယ်ကို ဘုရားသခင်အား အပ်နှင်းပုံ

ဣမာဟံ ဘဂဝါ အတ္တဘာဝံ၊ တုမှာကံ ပရိစ္စဇာမိ။

အနက်ယောဇနာကား

ဘဂဝါ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား အဟံ ငါကျွန်ုပ်သည် ဣမံ အတ္တဘာဝံ ဤအတ္တဘောကို တုမှာကံ အရှင်ဘုရားတို့အား ပရိစ္စဇာမိ စွန့်လှူပါ၏-ဟုဆို၍ ဤသို့လျှင် ဗုဒ္ဓမြတ်စွာဘုရားအား မိမိကိုယ်ကိုအပ်နှင်းအပ်၏။

## ၃။ ဖုသနနည်းကိုပြဆိုချက်

ဖုသနဆိုသည်ကား။ ။ ထိသော နေရာကို သိခြင်း တည်းဟုဆိုလိုသည်။ ထို့ကြောင့် မိန်းမဖြစ်လျှင် အဒ္ဓပလ္လင်ကို ယောကျ်ားဖြစ်လျှင် ဥဘတောပလ္လင်ကို ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီးလျှင် ထိသောနေရာကိုရှာအပ်၏။ ရှာပုံကား နှာခေါင်းရှည်သောသူအား နှာသီးများ၌ထိလိမ့်မည်။ နှာခေါင်းတိုသော သူအား အထက်နှုတ်ခမ်း၌ထိလိမ့်မည်။ နှစ်ခါသုံးခါ ထိသော နေရာကိုရှာအပ်၏။ ထိသောနေရာကိုမသိပါဟုဆိုက အာနာပါ

န ကမ္မဋ္ဌာန်းကိုမပေးအပ်။ နှစ်ခါ သုံးခါထိသောနေရာကို ရှာဆည်ရှိသော် ရွေးယခင်ထိသည်အတိုင်း ထိပါသည်ဟု ပြောဆိုကာ အာနာပါန ကမ္မဋ္ဌာန်းကိုပေးအပ်၏။

## ၄။ ။ဂဏနာနည်းကိုပြဆိုချက်
## ဝါဒပုံစံ

| ဝါဒ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
|---|---|---|---|---|---|---|---|---|---|---|
| | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ |
| | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃ |
| | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ |
| | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ |
| | ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၆ |
| | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ |
| | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ |

ထိသောနေရာကိုအမှန်အကန်သိခဲ့သော် ထိသော နေရာကို ရေတွက်အပ်၏။ ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။

ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ၂-ဝါဒကိုကူးပါ။ ထိသည် ၁။ ထိသည် ၂။ ထိသည် ၃ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ၃-ဝါဒကိုကူးပါ။ ထိသည် ၁။ ထိသည် ၂။ ထိသည် ၃ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ၄-ဝါဒကိုကျူးပါ။ ။ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ၅-ဝါဒကိုကျူးပါ။ ။ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ၆-ဝါဒကိုကျူးပါ။ ။ ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ၇—ဝါဒကိုကျူးပါ။ ။ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ။ ၈-ဝါဒကိုကျူးပါ။ ။ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ၉-ဝါဒကိုကျူးပါ။ ။ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ၁၀-ဝါဒကိုကျူးပါ။ ။ ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ။

ဤနည်းဖြင့်ရေတွက်သော် ၁၀ ဝါဒသို့ ရောက်သောအခါ ၅-မိနစ်ကြာလိမ့်မည်။ နောက်တခေါက်ပြန်၍ ၁၀-ဝါဒ

သို့ရောက်ခဲ့သော် ၁၀ မိနစ်ကြာလိမ့်မည်။ ဝါဒအားဖြင့် ၂၀ သာတည်း။ ပဉ္စမအတိုင်းပြန်၍ တခေါက်ရေတွက်သော် ၁၅ မိနစ်ကြာလိမ့်မည်။ ဝါအားဖြင့် ၃ —သာတည်း။ တနေ့လျှင် ဝဒရှစ်ရာရအောင် အားထုတ်ရမည်။ သုံးရက် အားယုဘ်သော် ကေန်နိဒ်တ်ထင်ပါလိမ့်မည်။

ဝါဒရှစ်ရာရပုံကား။ ။ပဉ္စမ ၅-မိနစ် ကြာအောင် အားထုတ်သော် ၁၀ ဝါရသည်။ ၎င်းဆယ်ပါကို ဦးခေါင်း၌ စိတ်ကူးဖြင့်တင်၍ထားပါ။ ဒုတိယ ၅ မိနစ်ရသော် နဖူးပေါ်၌ စိတ်ဖြင့်တင်၍ထားပါ၊ ဝါဒ ၂၀ ရသည်။ တတိယငါးမိနစ် ရခဲ့သော် နှာခေါင်းပေါ်၌စိတ်ဖြင့်တင်၍ထားပါ၊ ဝါဒ ၃၀ ရသည်။ ၎င်းနောက် စင်္ကြံလျှောက်ပါ မလျှောက်ဘဲမနေပါနှင့် ညောင်းပြေအောင်လျှောက်ပါ မညောင်းဘူး ဆိုပါက အနည်းဆုံး ၅ မိနစ် လျှောက်ပါ။ ၎င်းနောက် အထက်ပါနည်းအတိုင်း ပြန်၍အားထုတ်ပါ။ ဝါဒသုံးဆယ်ရပြန်မည်၊ တခါထိုင်လျှင် ဝါဒသုံးဆယ် နှစ်ခါထိုင်လျှင် ဝါဒ ခြောက်ဆယ် သုံးခါထိုင်လျှင် ဝါဒကိုးဆယ်၊ ဤထိုင်သောနည်းဖြင့်ဆယ်ခါထိုင်လျှင် ဝါဒသုံးရာရမည် တနေ့လျှင် ဝါဒရှစ်ရာရအောင် ထိုင်ပါလေ။

ဆင်၊ မြွေတို့၏အတ္တဘောသည်ကြီးသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ရှည်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ထွက်သက်သည်နှေးကုန်၏။ အချို့သောသူတို့ကားနှေး၏။ သုံးဆယ်

မြို့၌ သီတင်းသုံးနေသော ဦးဇောတိ သာရသည် အလွန်နှေးသော အားဖြင့် ထွက်လေကိုထုတ်၏။ အချို့သောသူကား တမိနစ်လျှင် ၁၈ ကြိမ်ထွက်လေကိုထုတ်၏။ အချို့သော သူကား တမိနစ်လျှင် ၁၆ ကြိမ် ထွက်လေကိုထုတ်၏။ ဦးဇောတိ သာရသည် တမိနစ်လျှင် ၃ ခါ ၄ ခါလောက်သာ ထွက်လေကိုထုတ်၏။ အလွန်နှေးသည်၏အဖြစ်ကြောင့် မြန်မြန် ထွက်လေကိုပြင်၍ ထုတ်ပါဟု ပြောဆိုရ၏၊ တမိနစ်လျှင် ၁၅ ကြိမ်ထွက်လေကို ထုတ်ခြင်းသည် နိမိတ်မြန်မြန်ထင်ပါလိမ့်မည်။

၆။ ။ရသကိုပြဆိုချက်။

ယုန်, ကြောင်, ခွေး တို့၏အတ္တဘောသည် ငယ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ ပုသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ထွက်လေဝင်လေတို့သည်မြန်မြန်ဝင်၍ မြန်မြန်ထွက်၏။ အချို့သောသူတို့ကား နှာကိုသက်ပြန်မှုတ်သကဲ့သို့ ထွက်လေဝင်လေကို ထုတ်ကုန်၏။ နိမိတ်မထင်နိုင်။

၇။ ။နိမိတ်မထင်နိုင်သော ပုဂ္ဂိုလ်တို့ကိုပြဆိုချက်။

ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။ ထိသည် ၄။ ထိသည် ၅။ ထိသည် ၆။ ထိသည် ၇။ ထိသည် ၈။ ၂-ဝါဒ သို့ကျူးပါ။ ထိသည် ၁။ ထိသည် ၂။ ထိသည် ၃။ ထိသည် ၄။ သို့ရောက်ပါလျက် ၆ ဝါဒလိုလို ၂ ဝါဒလိုလို စိတ်၌ထင်ခဲ့၏၊ ထိုသူနိမိတ်မထင်နိုင်ဟုမှတ်ပါလေ၊ အလွန်နှေးစွာအသက်ရှူထုတ်ခြင်းသည်လည်းကောင်း အလွန်မြန်စွာ ထွက်လေဝင်လေ

တို့ကို ရှုထုတ်ခြင်းသည်လည်းကောင်း နိမိတ်ထင်နိုင် ဟူ၍မှတ်ပါလေ။

အင္ဂုတ္တရကထာကျမ်းကြီးများ၌ လာသည်ကား၊ ၁၅ မိနစ်အားထုတ်ရာတွင် တယောက်သော ပုဂ္ဂိုလ်သည် ပဌမ ၅ မိနစ်၌ ထိသောနေရာကိုလည်းသိ၏၊ ရောက်သောအခါ မှန်အောင်လည်း စိတ်ဖြင့် ရောက်နိုင်၏၊ အလယ် ၅ မိနစ်။ အဆုံး ၅ မိနစ်တို့၌ မှန်စွာမသိနိုင်ကြကုန်၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ အစကို သိမ်းဆည်းနိုင်သည်ဖြစ်၍ အလယ် ၅ မိနစ် အဆုံး ၅ မိနစ်တို့၌ မသိမ်းဆည်းနိုင်သောကြောင့် နိမိတ်မထင်နိုင်ဟူ၍ မှတ်ပါလေ။

တယောက်သော ယောဂီပုဂ္ဂိုလ်သည်အလယ် ၅ မိနစ်၌ ထိသောနေရာကိုလည်းသိ၏။ ရောက်သောအခါ မှန်အောင်လည်း ရောက်နိုင်၏၊ အစ ၅ မိနစ် အဆုံး ၅ မိနစ်တို့၌မှန်စွာ မသိနိုင်ကြကုန်။ ထိုယောဂီပုဂ္ဂိုလ်သည် အလယ် ကိုသာ သိမ်းဆည်းနိုင်သည်ဖြစ်၍ အစအဆုံးတို့၌ မသိမ်းဆည်း နိုင်သောကြောင့် ထိုပုဂ္ဂိုလ်သည်နိမိတ်မထင်နိုင်ဟူ၍ မှတ်ပါလေ။

တယောက်သောယောဂီပုဂ္ဂိုလ်သည် အဆုံး ၅ မိနစ်၌ ထိသောနေရာကိုလည်းသိ၏။ ရောက်သောအခါ မှန်အောင်လည်း ရောက်နိုင်၏၊ အစ ၅ မိနစ်၊ အလယ် ၅ မိနစ်တို့၌ မှန်စွာမသိနိုင်ကြကုန်၊ ထိုယောဂီပုဂ္ဂိုလ်သည် အဆုံးကိုသာ သိမ်းဆည်းနိုင်သည်ဖြစ်၍ အစအလယ်တို့၌ မသိမ်းဆည်း နိုင်သောကြောင့် နိမိတ်မထင်နိုင်ဟူ၍မှတ်ပါလေ။

တယောက်သော ယောဂီပုဂ္ဂိုလ်သည် အစ ၅ မိနစ် အလယ် ၅ မိနစ် အဆုံး ၅ မိနစ်တို့၌ ထိသောနေရာကိုလည်းသိ၏၊ ရေတွက်သောအခါ မှန်အောင်လည်း ရေတွက်နိုင်၏။ အစ ၅ မိနစ် အလယ် ၅ မိနစ် အဆုံး ၅ မိနစ်တို့၌ မှန်စွာသိနိုင်ကြလေကုန်၏။ ထိုယောဂီပုဂ္ဂိုလ်သည် အစ အလယ် အဆုံး သုံးပါးလုံးကို သိမ်းဆည်းနိုင်သောကြောင့် နိမိတ်ထင်နိုင်၏ဟု၍ မှတ်ပါလေ။

ဤအဋ္ဌကထာကြီးတို့၌ နိမိတ်မထင်နိုင်သော ပုဂ္ဂိုလ်သုံးယောက် နိမိတ်ထင်နိုင်သော ပုဂ္ဂိုလ်တယောက်သာလာ၏။ ဤကား အဋ္ဌကထာကြီးတို့၌လာသော ပုဂ္ဂိုလ်လေးယောက်ကို ခွဲ၍ပြခြင်းတည်း။

ခြင်္သေ့ဆီသည် မြေအိုး မြေခွက်တို့၌မတည်၊ ရွှေခွက်၌သာတည်သကဲ့သို့ ယခုကျမ်း၌ ရေး၍ထားသော ကျမ်းစာတို့ကို သေသေချာချာ သိမ်းဆည်းမှတ်သားပြီး၍ တရားကို အားထုတ်ပါလေ။

ဂဏနာနည်း၌ မှန်အောင် ရေတွက်နိုင်ခြင်း သတိတည်းဟူသောကြိုး။ ပုသနာနည်း၌ ထိသောနေရာကို သိခြင်း သတိတည်းဟူသောကြိုး၊ ဤကြိုးနှစ်ချောင်းဖြင့် အာနာပါနတည်းဟူသောအတိုင်၌ ကောက်ကျစ်စဉ်းလဲသောစိတ်ကို ဖွဲ့ချီ၍ ဆုံးမရာ၏ဟူ၍ ဟောတော်မူ၏။

နိမိတ်ထင်တော့မည် ကြိုးစား၍အားထုတ်ပါ။

၈။ ။နိမိတ်ထင်ပုံကိုပြဆိုချက်။

ထိသည်၁။ ထိသည်၂။ ထိသည်၃။ ထိသည် ၄။ ထိသည်၅။ ထိသည်၆။ ထိသည်၇။ ထိသည်၈။ ၂ ဝါဒသို့ကျူးပါ။ ထိသည်၁။ ထိသည် ၂။ ထိသည်၃။ ထိသည်၄။ ထိသည်၅။ ထိသည် ၆။ ထိသည်၇။ ထိသည်၈။ ၃ ဝါဒသို့ကျူးပါ။ ထိသည်၁။ ထိသည်၂။ ထိသည်၃။ ထိသည် ၄။ ထိသည်၅။ ထိသည်၆။ ထိသည်၇။ ထိသည်၈။ ၃ ဝါဒသို့ကျူးပါ။ ထိသည် ၁။ ထိသည်၂။ ထိသည်၃။ ထိသည်၄။ ထိသည်၅။ ထိသည် ၆။ ထိသည်၇။ ထိသည်၈။ ၄ ဝါဒသို့ကျူးပါ။ ထိသည်၁။ ထိသည် ၂။ ထိသည်၃။ ထိသည်၄။ ထိသည်၅။ ထိသည်၆။ ထိသည်၇။ ထိသည်၈။ ၅—ဝါဒသို့ကျူးပါ။ ထိသည် ၁။ ထိသည်၂။ ထိသည်၃။ ထိသည်၄။ ထိသည်၅။ ထိသည်၆။ ထိသည်၇။ ထိသည် ၈။ ၆-ဝါဒသို့ကျူးပါ။ ထိသည်၁။ ထိသည်၂။ ထိသည်၃။ ထိသည်၄။ ထိသည်၅။ ထိသည်၆။ ထိသည်၇။ တိသည်၈။ ၇-ဝါဒသို့ကျူးပါ။ ထိသည်၁။ ထိသည်၂။ ထိသည်၃။ တသည်၄။ ထိသည်၅။ ထိသည်၆။ ထိသည်၇။ ထိသည် ၈။ ၈ ဝါဒသို့ကျူးပါ။ ထိသည်၁။ ထိသည်၃။ ထိသည်၃။ ထိသည် ၄။ ထိသည်၅။ ထိသည်၆။ ထိသည်၇။ ထိသည် ၈။ ၉ ဝါဒသို့ကျူးပါ။ ထိသည်၁။ ထိသည်၂။ ထိသည်၃။ ထိသည်၄။ ထိသည်၅။ ထိသည်၆။ ထိသည်၇။ ထိသည် ၈။ ၁၀ ဝါဒသို့ကျူးပါ။ ထိသည်၁။ ထိသည်၂။ ထိသည်၃။ ထိသည်၄။ ထိသည်၅။ ထိသည် ၆။ ထိသည်၇။ ထိသည်၈။

၁၀ ဝါဒသို့ ရောက်ပြီးခဲ့သော် ၅ မိနစ်ကြာလိမ့်မည်။ နောက်ဒုတိယတခေါက် ၁၀ သို့ရောက်အောင် ရေတွက်ပါ။ နာရီ အားဖြင့် ၁၀ မိနစ်။ တတိယတခေါက် ၁ ကစ၍ ရေတွက်ပါ။ ၁၀ သို့ရောက်သော် ၁၅ မိနစ်ကြာလိမ့်မည်။ ဝါဒသုံးဆယ်ရလိမ့်မည်၊ ဤနည်းဖြင့် ၁၅ မိနစ်ကြာတိုင်း ကြာတိုင်း ဝါဒသုံးဆယ်ရလိမ့်မည်။ စင်းကြံလျှောက်ပါ၊ တခါထိုင်သော် ဝါဒ သုံးဆယ် နှစ်ခါထိုင်သော်ဝါဒခြောက်ဆယ် သုံးခါထိုင်သော် ဝါဒကိုးဆယ် ဤနည်းဖြင့် ဝါဒ ၁၀၀၀ ကျော်ခဲ့သော် နိမိတ်ထင်ပါလိမ့်မည်။ မုချမှတ်ပါလေ။

## ၉။ နိမိတ်ထင်ပုံကား

ထိုနိမိတ်သည် ခပ်သိမ်းသော ယောဂီပုဂ္ဂိုလ်တို့အား တချက်ဘည်းတူသည်မဖြစ်နိုင်။ စင်စစ်သော်ကား.... အချို့သော ပုဂ္ဂိုလ်တို့အား ချမ်းသာသောအတွေ့ကိုဖြစ်စေသည်ရှိသော် လဲမှို့ကဲ့သို့လည်းကောင်း၊ ဖိုင်းဝါဂွမ်းကဲ့သို့လည်းကောင်း လေအယဉ်ကဲ့သို့လည်းကောင်း၊ ပန်းပွင့်ကဲ့သို့လည်းကောင်းထင်၏။

ဤနေရာ၌ ရှေးစာ တွေ့ဘူးကြုံဘူးသည်ကို ပြောဆိုဦးအံ့။ အရှင်တို့သည် ကမ္မဋ္ဌာန်းကို အားထုတ်ရာ၌ အဘယ်ကဲ့သို့သော နိမိတ်ကို ထင်မြင်ပါသနည်းဟုမေး စီစစ်သော အခါ နှုတ်ခမ်းပေါ်၌ မြေဖြူခဲကလေးကိုတင်၍ ထားသကဲ့သို့ ထင်မြင်ပါသည်ဟုပြန်ပြော၏။ ဤကဲ့သို့နှုတ်ခမ်းပေါ်၌ မြေဖြူခဲကလေးကိုဆစ်ထားသကဲ့သို့ မြင်ပါသည်ဟုဆိုသဖြင့်၊ ထိုရာအရပ်၌စိတ်ကိုထားကြောင်း ထင်ရှား၏၊ အထက်နှုတ်ခမ်း၏အပေါ်၌ မြေဖြူခဲကို

မြင်သဖြင့် ပကတိမျက်စိ၏မြင်ရာအရုပ်ဖြစ်သောကြောင့် ဗိုင်းဝါ ဂွမ်းကဲ့သို့လည်းကောင်း လဲမှို့ကဲ့သို့လည်းကောင်း ဆိုသောစကားနှင့်ထပ်တူ ထပ်မျှဖြစ်သောကြောင့် ဧမ္မဋ္ဌာန်း၏ နိမိတ်အစစ်အမှန်ဖြစ်ရမည်ဟုယူဆရာ၏၊ မျက်စိ၏ မြင်ရာနေရာ မဟုတ်သော မန္တလေးရန်ကုန် စသည် ဝေးသောအရပ်၌မြင်ပါသည်ဟုဆိုက နိမိတ်အစစ်အမှန်မဟုတ်နိုင်ရ။

အချို့သော ယောဂီပုဂ္ဂိုလ်တို့အား ဧမ္မဋ္ဌာန်းကို အားထုတ်ရာ၌ အဘယ်ကဲ့သို့ နိမိတ်အာရုံထင်ပါသနည်းဟု မေးစိစစ်သောအခါ ဥမင်လှိုင်ခေါင်းကြီးကိုကြည့်မြင်ရသကဲ့သို့ ထင်မြင်ပါသည်ဟု ပြောဆို၏၊ ဤသို့ပြောဆိုသဖြင့် ဝါတ၊ ဂါရဝိယ လေအဿဥ်ကဲ့သို့လည်းကောင်း ဆိုသောစကားနှင့် ထပ်တူထပ်မျှပင်ဖြစ်သည်ဟုမှတ်ပါလေ။ ပန်းပွင့် ကဲ့သို့ လည်းကောင်းဆိုသော စကားမှာ အချို့သော ယောဂီပုဂ္ဂိုလ်တို့၌ တရုပ်စကားပွင့် ကဇွန်းပွင့် နီနီသုံးကလေးတို့သည် မိမိတို့၏ အမှတ် အသားသညာအားသျော်စွာဖြစ်သောကြောင့် သညဇ ဟူ၍ဟောတော်မူသည်။ ဤပန်းအမျိုးမျိုးထင်ရာ၌ လှုပ်ရှားသည်ကို မြင်ရလိမ့်မည်။ အချို့သောယောဂီတို့အား နှာခေါင်းလေကို ထုတ်သည်ရှိသော် နှာခေါင်း၏ရှေ့၌ ထင်မြင်သော တရုပ်စကားပွင့်သည် ပန်ကာများလည်သကဲ့သို့ ထွက်လေ၏ တိုးဝှေ့ထိခိုက်ခြင်းတည်းဟူသော အကြောင်းကြောင့် ပန်ကာသည်သကဲ့သို့ ဖြစ်သည်ဟုထင်၏၊ မလှုပ်ရှားဘဲနေတာ နိဝဠကဖြစ်တတ်သည်ကို သတိထားပါလေ။

ယခုနိမိတ်အားလုံးထင်တော်သည်ကိုရေးပြီးပါပြီ။ ဥဂ္ဂဟနိမိတ်ရသူကိုသာအားထုတ်ဘို့လိုပါတော့သည်။ နိမိတ် ဟုတ်မဟုတ်ကိုသိလိုက ညသို့ရောက်သောအခါ အိပ်မပျော်နိုင်အောင်အရောင်အမျိုးမျိုးတို့ကို မြင်ရပါလိမ့်မည်။ နိမိတ်အစစ် အမှန်မဟုတ်က ညကိုရောက်သောအခါ ဘာမျှမမြင်ရပါ။

## ၁၀။ ဥဂ္ဂဟ နိမိတ်ထင်အောင် အားထုတ်ပုံကား။

အနုဗန္ဓနာနည်းဖြင့် ပွါးများအားထုတ်လို၍ ဥဂ္ဂဟနိမိတ် ၁၂ ပါးကုန်အောင်အားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးအခါက ဂဏနာနည်း ဖုသနနည်း နှစ်ပါးတို့အားဖြင့် အားထုတ်၍ နိမိတ်ပေါ်လာခဲ့သော် ရေတွက်ခြင်း ဂဏနာနည်းကို အသုံးမပြုဘဲ ဖုသနနည်း တခုတည်းဖြင့်သာလျှင် သမာဓိကို ချင့်ချက်စေခြင်းအကျိုးငှါ ဖုသနနည်းကိုသုံးအပ်၏၊ အဘယ်ကြောင့် ဂဏနာနည်းကို အသုံးမပြုသနည်းဆိုသော် ဂဏနာနည်းဆိုသည်ကား အာသို ပျံ့လွင့်သော ဝိတက်မဖြစ်ခြင်းကို ပြု၍ ထွက်သက် ဝင်သက်အာရုံ၌ သတိခိုင်မြဲစွာထားခြင်းငှါသာလျှင် ရေတွက်ခြင်း ဖြစ်သောကြောင့်တည်း။

ဖုသနာနည်းဖြင့် ထင်လာသောနိမိတ်ကို ကြီးပွါးအောင် အားထုတ်အပ်၏၊

အားထုတ်ပုံကား၊ ။ထွက်လေ ထိရာအရပ်၌ စိတ်ကို ထား၍ ထိသည် ထိသည်ဟု အဖန်ဖန်တလဲလဲနှလုံးသွင်းသော ယော

ကိုအား တရားတော်၏ အာနုဘော်ကြောင့်ဖြစ်သော ဂမ္ဘီရ ရောင်ခြည်အမျိုးမျိုးတို့ မြင်ရလေတယ်၊ ဖူးတွေ့ရသတဲ့။

ထိုဂမ္ဘီရရောင်ခြည်အမျိုးမျိုးတို့ကို ၇ ရက်ခန့် ကြာအောင် အားထုတ်အပ်၏၊ ထိုနောက် အနုပဿနာနည်းဖြင့် အားထုတ်အပ်၏။ ယခုပြောဆိုသကဲ့သို့မဖြစ်ခဲ့သော် အနုပဿနာနည်းဖြင့် အား မထုတ်အပ်။

၁၁။ အနုပဿနာနည်းကိုပြဆိုချက်။

အနုပဿနာနည်းကိုအားထုတ်လိုသောယောဂီပုဂ္ဂိုလ်သည် ရေတွက်ခြင်းနှင့် ထိသည်ကိုမသုံးတော့ဘဲ သတိဖြင့်မပြတ် ဝင်သက် ထွက်သက် နိမိတ်တို့၏ နောက်သို့ အဆင့်ဆင့် လိုက်ခြင်းတည်း။

အားထုတ်ပုံကား။ ။ထက်ဝယ်ဖွဲ့ နေပြီးသော် မျက်စိကိုမှိတ်လျက် ကမ္မဋ္ဌာန်းကိုရှေ့ရှု သတိကိုဖြစ်စေသဖြင့် မျက်စိမှိတ်သော်လည်း မျက်စိကိုဖွင့်၍ကြည့်သကဲ့သို့ မနောဒွါရ၌ ထင်လာသောနိမိတ်ကို ထွက်လေနှင့်ရော၍ ၅ တောင် ၆ တောင် လောက်ရောက်အောင်လွှတ်ရာ၏၊ တဖန် ၅ တောင် ၆ တောင် လောက်ရောက်သော နိမိတ်ကို မှထားခဲ့ဘဲ ဝင်လေနှင့်ရော၍ နှာခေါင်းဝသို့ရောက်အောင် ဆွဲငင်ခဲ့ရာ၏။

ဤနည်းဖြင့် အဖန်ဆလဲလဲ ရှေ့သို့လှတ်ခြင်း၊ နှာသီး၀ သို့ ဆွဲငင်ခြင်းဖြင့် နိမိတ်ကိုကစားရာ၏၊ သုံးသပ်ရာ၏။ အနုဗန္ဓ နှာနည်းထား အလှန်ပင်ပန်း၏၊ ဤသို့တူရှုရှေ့သို့လှတ်ခြင်း၊ နှာ သီး၀သို့ရောက်အောင် ဆွဲငင်ခြင်းကို ပြုသောယောဂါဝစရပုဂ္ဂိုလ်အား ရတနာ ၇ ပါးဖြင့် မွမ်းမံခြယ်လှယ်ရျှထားသောရွှေပြဿဒ်ကြီး ကဲ့သို့လည်းကောင်း အရောင်အဆင်းရှိသော ဖန်ချောင်းတောက် သကဲ့သို့လည်းကောင်း ရွှေပြား၌စာပ်ထားသော ကျောက်အနီ ကဲ့သို့လည်းကောင်း ထင်သည်ကို အဋ္ဌကထာ၌ မဟာဂုဏ္ဍကာဝိ ယ၊ဟု ခေါ်သည်၊ မဟာဂုဏ္ဍကာဝိယဟူသော နိမိတ်၌အရောင် အဆင်း ၄ မျိုး ၅ မျိုး အယူတ်ဆုံးရှိသည်ဟု အမှတ်အသား ထားပါလေ။

ဤသို့ မဟာဂုဏ္ဍဝိယနိမိတ်ကိုလုံ့လကျိုးကုတ်အားဆုတ် သော ယောဂါဝစရပုဂ္ဂိုလ်အား ၎င်းနိမိတ်ကုန်ဆုံးခဲ့သော် အရောင် ပြောင်း၍လာလိမ့်မည် ဤသို့ အရောင်ပြောင်း၍လာသည်ကို သိ သဖြင့်နောက်ဥဂ္ဂဟနိမိတ်ပေါ်လာရန်ဖြစ်သည်ဟု အမှတ်အသား ထားပါ။

မဟာဂုဏ္ဍကာဝိယပြီး၏။

ဝလာဟက ပဋ္ဌိလ ဝိယကိုပြဆိုချက်

တိမ်တိုက်တိမ်လွှာ မိုးသားများတို့သည် လက်ဝဲဘက်မှစ၍ လက်ျာဘက်သို့ တရွေ့ရွေ့သွား၏။ ထိုနိမိတ် ကုန်ဆုံးလိုသော် လက်ျာဘက်မှ လက်ဝဲဘက်သို့ တရွေ့ရွေ့ သွားသကဲ့သို့ ထင်မြင်ခဲ့၏။ ဤလိုဖြစ်ခဲ့သော် ထိုနိမိတ် ကုန်ဆုံးတော့မည်ဟူ၍ မှတ်ပါလေ။ အရောင်အဆင်းကား ကောင်းကင်၌ ရှိသော မိုးသားတို့သည် ဥတုသို့လိုက်၍ အရောင်အမျိုးမျိုး ကူးပြောင်းသကဲ့သို့ ဤဝလာဟကပဋ္ဌလ ဟူသော ဥဂ္ဂဟ နိမိတ်သည်လည်း အရောင် အမျိုးမျိုးကူးပြောင်းခဲ့၏။

ခုပသိခါဝိယကိုပြဆိုချက်

မြူမှုံအညိုရောင်မိုးခိုးကဲ့သို့ထင်သည်၊ ဤ ခုမှသိခါဝိယ နိမိတ်ကား တလကျော်သာကြာခဲ့၏။

မက္ကဋ္ဌက သုတ္တ ဝိယကို ပြဆိုချက်။

မက္ကဋ္ဌကသုတ္တ ဝိယ ဥဂ္ဂဟနိမိတ်ကား ဇာခြင်ထောင် အဟောင်းကဲ့သို့လည်းကောင်း။ ပင့်ကူခြေကဲ့သို့လည်းကောင်း၊ အရောင်အဆင်းထင်သည်။

(၂)

မုတ္တာဂုဠိကာဝိယကိုပြဆိုချက်။

မုတ္တာဂုဠိကာဝိယဟူသော ဥဂ္ဂတနိမိတ်ကား၊ ယခုခေတ် မိန်းခလေးများဆင်မြန်းသော ပုလဲကျောက်ကဲ့သို့ တလုံးတည်း သာထင်သည်။

သူရိယမဏ္ဍလ ကို ပြဆိုချက်။

သူရိယမဏ္ဍလဝိယဟု အဋ္ဌကထာ၌ဆိုသဖြင့် အရှေ့လောကဓါတ်က ထွက်လာသောနေဝန်းကဲ့သို့ မြင်သည်မဟုတ် နေထွက်၍လာသောအခါ အမျှင်အမျှင်တန်းသော နေကြည် ရောင်ကဲ့သို့ ထင်သည်ဟုမှတ်ပါလေ။

ရတ္တစက္ကမိဝကို ပြဆိုချက်။

ရတ္တစက္ကမိဝဆိုသည်ကား။ ၊ထွာဆိုင်ပမာဏ အရောင် အဆင်ရှိသော စက်ဝန်းကဲ့သို့ထင်သည်။

စန္ဒမဏ္ဍလဝိယကို ပြဆိုချက်။

စန္ဒမဏ္ဍလဝိယ ဆိုသည်ကား။ ။ လ၏ အတွင်းသား အရောင်ကဲ့သို့ထင်သည်။

(ပဒုမပုပ္ဖဝိယကို ပြဆိုချက်။)

ပဒုမပုပ္ဖဝိယ ဆိုသည်ကား။ ။ ငွေမတ်စေ့ ပမာဏမှ ငွေဒင်္ဂါး ပမာဏသို့ရောက်အောင် တရွေ့ရွေ့ ကြီးသွားသော

ပွင့်ချပ် ပလပ်ကြွေပြီးသော ပဒုမ္မာ ကြာဖြူ၏ ကြာခက်နှင့် တူသည်။

ကပ္ပသဋ္ဌိဝိယကို ပြဆိုချက်။

ကပ္ပါသဋ္ဌိဝိယ ဆိုသည်ကား ။ သစ်ခေါက်ဝါဝါ သကြားနှံကဲ့သို့ ၇—သုံးတွဲ အညိုရောင်မြင်ရသည်။

ဒါရုသာရသုစိဝိယကို ပြဆိုချက်။

ဒါရုသာရသုစိဝိယဆိုသည်ကား ။ ရှေးအခါကဆိုးသော အရှည်နှစ်တောင် ဆုပ်လုံးပမာဏ အရောင်အဆင်းနှင့် ပြည့်စုံသော တံခါးကျင်ကဲ့သို့ထင်သည်။

ပါမင်္ဂသုတ္တဝိယကိုပြဆိုချက်။

ပါမင်္ဂသုတ္တဝိယ ဆိုသည်ကား ။ ထွေ[illegible]ပမာဏ အရောင်အဆင်းရှိသော မှည့်သော ဆေးတံလုံးကြိုးမျှင်ဖွား ဖွားကဲ့သို့ ထင်သည်မြင်သည်။

ဤဥဂ္ဂဟနိမိတ်၌ ဆိုရန်အစ်ရှိပေသေး၏။ နှာသီးဖျား၌ထင်လာသော နိမိတ်ကို ထွက်လေနှင့်ရော၍ ငါးတောင် ခြောက်တောင်လောက် ရောက်အောင်လွှတ်ရာ၏။ တဖန် ငါးတောင်ခြောက်တောင်လောက် ရောက်သောအောင် နိမိတ်ကိုမထားခဲ့ဘဲ ဝင်လေနှင့်ရော၍ နှာခေါင်းဝသို့ရောက်အောင် ဆွဲငင်ရာ၏။

ဤစကားသည် ဥဂ္ဂဟနိမိတ် ၁၂-ပါးကို ကုန်အောင် အားထုတ်ရသော အစီအစဉ်ကို ပြသောစကားချုပ်တည်း။

ငါးဆောင် ခြောက်ဆောင်လောက် ရောက်အောင်ဆိုသော စကားသည်ကား ယောဂီပုဂ္ဂိုလ်နှင့် သင့်လျော်သော အဝေးအကွာကို ပြသောစကားတည်း။ အကယ်၍ တမိုက်လောက် တထွာလောက် နိမိတ်ကိုရှေ့သို့လွှတ်ခြင်း၊ တဖန်ဆွဲငင်ခြင်းကိုပြုပါက ဝ လေထွက်လေတို့သည် အလွန်လျင်မြန်သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်သည် ပင်ပန်းခြင်းသို့ ရောက်ရာ၏။

ဇာနုဟင်္သာမျိုးတို့သည် အပျံသင်သော အခါမှစ၍ နေ့လ နက္ခတ်တို့၏ အနီးအနားသို့ရောက်အောင် ပျံသန်းနိုင်သကဲ့သို့ ထိုအတူ မိုင် ၁၀၀- ၂၀၀-လောက်ရောက်အောင် မိမိရောက်ဘူးသော နေရာကို မှတ်သား၍ ဥဂ္ဂဟနိမိတ် လွှတ်၍ လွှတ်၍ကြည့်ပါလေ။ ဝေးဝေးလွှတ်ခြင်းသည် အသက်ရှူနှေး၏။ နှာခေါင်းနှင့် တမိုက်တထွာ နိမိတ်ကို လွှတ်ခြင်းသည် အသက်ရှူမြန်၏ဟု အနှေးအမြန် သိကြပါလေ။

ပဋိဘာဂနိမိတ်ရအောင် အားထုတ်ချက်။

ပဿမ္ဘယံ ကာယသင်္ခါရံ။

အနက်ယောဇနာပုံကား။ ။ ကာယသင်္ခါရံ ထွက်သက်ဝင်သက်ကို ပဿမ္ဘယံ ပဿမ္ဘယံ တော သာယာဖြည်းညှင်း ရှူထုတ်ခြင်းဖြင့် ငြိမ်းစေလျက်၊

ဤကား ပဋိဘာဂနိမိတ်ထင်အောင် အားထုတ်ပုံတည်း။

အဋ္ဌကထာကြီးတို့၌ကား။ ပဿမ္ဘနန္တာ၊ ပဋိပဿမ္ဘနန္တာ၊ ဝူပသမနန္တာ၊ နိရောဓနန္တာ၊

အနက်ယောဇနာကား၊ ပဿမ္ဘနန္တာ သာယာဖြည်းညှင်းရှုထုတ်ခြင်းဖြင့် ငြိမ်းစေလျက်၊ ပဋိပဿမ္ဘနန္တာ တဖန်ငြိမ်းစေလျက် ဝူပသမနန္တာ၊ အထူးသဖြင့် ငြိမ်းစေလျက် နိရောဓနန္တာ ချုပ်စေလျက်။

ဤအနက်ကား ပြည် ဆရာတော်ဘုရားကြီး နိဿျ၌ အနက်ပေးပုံတည်း။

## အားထုတ်ပုံကို ပြဆိုချက်။

ပဋိဘာဂနိမိတ် ပေါ်လာအောင် အားထုတ်ရပုံကား ထွက်သက်ကို ပြင်သို့ထုတ်ခြင်း အလျှင်းမပေးဘဲအားထုတ်သည်ရှိသော် သူ့အလိုလိုထွက်သက်ကဲ့သို့ထင်၍လာပါလိမ့်မည်။ ဥပမာကား ခေါင်းလောင်းကို ထိုးလိုက်သည်ရှိသော် ရှေးဦးစွာကြမ်းတမ်းသောအသံတို့သည် ထွက်၍လာကုန်၏။ ထိုနောက် တရွေ့ရွေ့အသံတို့သည် သိမ်မွေ့သိမ်မွေ့၍လာသကဲ့သို့ စိတ်၌ထင်ခဲ့၏၊ ဤပဋိဘာဂနိမိတ်ကိုအားထုတ်ရာ၌ အလွန်ပင်ပန်းလှ၏။ အပင်ပန်းခံနိုင်မှ အားထုတ်ပါ၊ အပင်ပန်းမခံနိုင်လျှင် အားမထုတ်ပါနှင့်။

ပဋိဘာဂနိမိတ်ကို အထက် ဖော်ပြထားသည့်အတိုင်း အားထုတ်ခဲ့သည်ရှိသော် ပဋိဘာဂနိမိတ်ကို ရပါသည်ဟု ဝန်ခံပါ၏။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။
၉၈၇၄

ပဋိဘာဂနိမိတ် ဆိုသည်ကား ရှေ့လောကဓါတ်၌ ထွက်လာသော လကဲ့သို့သာ မြင်ခြင်းကို ပဋိဘာဂနိမိတ်ဟုခေါ်ပါသည်။ နောက်ကိုလည်း ပဋိဘာဂနိမိတ်ကိုရေးလတ္တံ့။

ဥဂ္ဂဟနိမိတ် ၁၂-ပါးကို ရအောင် အားထုတ်ရာ၌ ရှေ့သို့တွက်ချင်း နောက်သို့ဆွဲငင်ခြင်းကို ပြုလုပ်သကဲ့သို့ ဤပဋိဘာဂနိမိတ်အားထုတ်ရာ၌ အလျှင်းငင်မပြုလုပ်ပါနှင့်။

ပဋိဘာဂနိမိတ်ကို ရအောင် အားထုတ်ပုံကား။

မနောဒွါရဖြင့် ရှေ့၌မြင်သော နိမိတ်ကို မနောဒွါရဖြင့် အဖန်တလဲလဲကြည့်လျက် ထွက်သက်ကို ပြင်သို့မထွက်စေဘဲ ချုပ်အပ်၏။ ချုပ်၍မရနိုင်ခဲ့သော် ထွက်သက်ကို လွှတ်လိုက်အပ်၏။ ဤကဲ့သို့ပိတ်လိုက် လွှတ်လိုက် ပိတ်လိုက် လွှတ်လိုက် ကာလအရာ အထောင်ပြုလုပ်ခဲ့သော် ခေါင်းလောင်းထိုးပြီးနောက် တဖြည်းဖြည်းအသံသည် ဖြည်းညှင်းစွာ မြည်လာသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဤစာကိုရေးထားသော ပုဂ္ဂိုလ်သည် ဘာကိုကြည့်၍ အားထုတ်ပါသနည်းဆိုလျှင် အသက်မရှူသောသူ ခုနှစ်ယောက်ကိုကြည့် အားထုတ်ပါသည်။

အသက်မရှူသောသူ ခုနှစ်ယောက်ကား။

၁။ ဗြဟ္မာဟူ၍ အသက်မရှူ။

၂။ စတုတ္ထဈာန် ဝင်စားသောသူလည်း အသက်မရှူ။

၃။ အမိဝမ်း၌ ပဋိသန္ဓေနေသောသူလည်း အသက်မရှူ။

၄။ သတ်မေ့မောနေသူလည်း အသက်မရှူ။

၅။ နိရောဓသမာပါတ် ဝင်စားသောသူသည်း အသက် မရှူ။

၆။ ရေမွှမ်းသူလည်းအသက်မရှူ။

၇။ သေသောသူလည်း အသက်မရှူ။

စတုတ္ထဈာန်ရသောသူ အသက်မရှူဆိုသဖြင့် ပိတ်မှ ထားဘဲမှဖြစ်ဟု နှလုံးသွင်း၍ ကာလအရာ ကာလအထောင် အားထုတ်ခဲ့သော် ပဋိဘာဂနိမိတ်ဖြစ်ရာ၏ဟု နှလုံးသွင်း၍အား ထုတ်ပါသည်။ ဤပိတ်လိုက်ဖွင့်လိုက် ပိတ်လိုက်ဖွင့်လိုက် တဖြည်း ဖြည်းပြုလုပ်ခဲ့သော် ၊ ပဿာသမ္ဘန္တော သာယာဖြည်းညှင်း ရှူ ထုတ်ခြင်းဖြင့် ငြိမ်းစေလျက် ပဋိပဿမ္ဘေန္တော တဖန်ငြိမ်းစေ လျက် ဟူသောစကားနှင့် ထပ်တူထပ်မျှဖြစ်၏။

ခေါင်းလောင်းကို တီးခတ်သောအခါ ထိုးလို့မြည် သောအသံကတမျိုး ထိုးပြီးသည့်နောက် သူ့အလိုလိုမြည်ဟီး သောအသံကတမျိုး၊ နှစ်မျိုးခွဲခြား၍ယူပါ၊ တဖန်ငြိမ်းစေလျက် ဆိုခြင်းသည် သူ့အလိုလိုမြည်ဟီးနေသော အသံကိုဆိုပါသည်။

## ပဋိဘာဂနိမိတ်ထင်သောနည်း။

သမထယောဂီဖြစ်သော တိဟိတ်ကာမပုဂ္ဂိုလ်သည် စိတ် ကိုထိသောနေရာ၌ထားအပ်၏၊ အဘယ်ကြောင့်နည်းဟူမူကား ကြမ်းတမ်းစွာထွက်သည် မထွက်သည်ကိုလည်းကောင်း၊ သိမ် မွေ့စွာထွက်သည် မထွက်သည်ကိုလည်းကောင်း၊ သိခြင်းအကျိုး

၄ါ စိတ်ကိုထိသောနေရာ၌ ထားအပ်၏ဟု ဆို၏။ နှာသီးဝဋ်မြင် သော အဆင်းကိုကြည့်အပ်၏။ အဘယ်ကြောင့်နည်းဟူမူကား နှာသီးဝဋ်ရှိသော အဆင်းကိုမကြည့်ဘဲ ထွက်လေနှင့် ပါသွား သော ကိုးတောင် ဆယ်တောင်လောက်ပေါ်သော နိမိတ်ကို ကြည့်မိက အပဋ္ဌိရှိသော အာရုံအမျိုးမျိုးနှင့် ပေါင်းဆုံမိသဖြင့် စိတ်သည် ပျံ့လွင့်ခြင်းသို့ ရောက်လေ၏။ သို့ဖြစ်၍ နှာသီးဝဋ်ရှိ သောအဆင်းကိုကြည့်အပ်၏ဟု ဆိုသည်။ ဤကဲ့သို့ကာလ အရာအ ဆောင်တို့ပါတ်လုံ အဖန်တလဲလဲ အားထုတ်အပ်၏။

## ပဋိဘာဂနိမိတ်ထင်ပုံကား

တိမ်တိုက်ကြားမှထွက်လာသော လပြည့်ဝန်းကဲ့သို့လည်း ကောင်း မိုးတိမ်တွင်၌ဖြာသန်း၍နေသော ဖြူဖွေးသော ဥဗျိုင်း ကဲ့သို့လည်းကောင်း ထင်၏၊ ၎င်းတို့သည် တခုပြီးမှ တခုပေါ် သည်ဟု အမှတ်အသားမထားအပ်ကုန်၊ တပြိုင်နက် ပေါ်ထွက် ကုန်၏၊ ထို၏အထက်၌ ဥဗျိုင်း၏သဏ္ဍာန်ကဲ့သို့ ဖြူဖွေးသော အရောင်နှင့် သုတ္တိ ပေါင်းဆုံမိကြသောအခါ လသည် ကြီးသ ကဲ့သို့ထင်၏၊ အဘယ်မျှလောက်ကြာအောင် လ ပဋိဘာဂ နိမိတ်သည် ထင်သနည်း၊ ထွက်လေ ၄-၅ ခါထုတ်လောက်ကြာ အောင် လ ပဋိဘာဂ နိမိတ်သည် ထင်ပြီး၍ ကွယ်ပျောက်လေ ၏။ ဤစကားသည်ကား အစလက်ဦးက မဗ္ဗာန်း စီးဖြန်းခြင်းရှိ သော ယောဂီပုဂ္ဂိုလ်အတွက် ဆိုသောစကားဖြစ်သည်။ ဝိထိ လက်ရိုးကျမ်း ဝိသုဒ္ဓိမဂ်ကျမ်းတို့၌ဆို၏။

## ၁၃။ ဥပစာရ သမာဓိကိုပြဆိုချက်။

ဥပစာရ သမာဓိအားထုတ်ပုံကား။ ။ဥပစာရ သမာဓိ ဆိုသည်ကား ပဋိဘာဂနိမိတ်၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ တို့၌အားထုတ်ပုံ အသူးမဆို၊ ပဋိဘာဂ နိမိတ်အတိုင်းသာအား ထုတ်အပ်၏။

ခေါင်းလောင်းကို တီးနှက်သည်ရှိသော် ထိုးသောအသံက တမျိုး မြည်ဟီးသောအသံက တမျိုး နှစ်မျိုးယူသကဲ့သို့ ယူပါ ဟုဆိုလိုသည်။ ယခုပြခဲ့သော နိမိတ်တို့သည် တခုနှင့်တခု နိမိတ် ပြောင်းလိုက မြင်ရသောအရောင်ပြောင်း၍ သာလိမ့်မည်ဟု အ မှတ်အသားထားပါလေ။

ဥပစာရသမာဓိသို့ ရောက်သောအခါ စိတ်သည် ပျံ့လွင့် ခြင်းမရှိ သူ့အလိုလိုသက်သကဲ့သို့ ဖြင်၏၊ တစုံတခု အားထုတ် မှုမရှိခြင်းကြောင့် ရှေ့၌ရှိသောနိမိတ်ကို ကြည့်လျက် ထွတ်သက် ဝင်သက်တို့၌ စိတ်ကိုအဖန်တလဲလဲထားခြင်းသည် ဥပစာရသမာဓိ မည်၏။

ကမ္မဋ္ဌာန်းကျမ်းတို့၌ကား ဤသို့ရောက်ခဲ့ပြီးသောနောက်ကို အားထုတ်ရမည် ဟုဆိုသည်။

ပဋိဘာဂနိမိတ်ရအောင် အားထုတ်ပုံကား ပဋိဘာဂ နိမိတ်ရဘို့ရာ အလွန်ခဲယဉ်းပါသည်၊ သို့အတွက် နှစ်ခါထပ်၍ ရေးလိုက်သည်၊

ပဋိဘာဂ နိမိတ်ဆိုတာဘာလဲ၊ ဘယ်လိုကျင့်ရမည်လဲ၊ ဘယ်လိုအားထုတ်ရမည်ဟု မေးစရာရှိသလဲ၊ နှာသီးဝ၌ရှိ

သော နိမိတ်ကိုကြည့်လျက် တောက်လေကို မပေးဘဲ ချုပ်ဆိုင်း၍ ထားအပ်၏။ ချုပ်ရှိထားနိုင်သော် လွှတ်လိုက်ပါ။ ဤကဲ့သို့ ဖွင့်လိုက်ပိတ်လိုက် ကာလအရာ ကာလအခေါင်အားထုတ်သော် ခေါင်းလောင်းကိုတီးသောအခါ မြည်ဟီးသောအသံကတမျိုး နှောင်အခါ မြည်ဟီးနေသောအသံကတမျိုး၊ နှစ်မျိုးခွဲခြား၍ ယူအပ်သကဲ့သို့ ထို့အတူ ကာလအရာ ကာလအခေါင် ဖွင့်လိုက်ပိတ်လိုက် တရားကိုအားထုတ်ခဲ့သည်ရှိသော် သူ့အလိုလို ထွက်သကဲ့သို့ လည်းကောင်း၊ ထင်မြင်၍ လာလိမ့်မည်။ ထိုအခါ ပဋိဘာဂနိမိတ်ထင်ပြီဟု မှတ်ပါလေ။

ဘယ်လိုထင်ပါသလဲ။

ထွက်လေ ဝင်လေတို့သည် သူ့အလိုလို ထွက်သကဲ့သို့ လည်းကောင်း၊ သူ့အလိုလို ဝင်သကဲ့သို့ လည်းကောင်း ထင်မြင်၍လာသောအခါ။

တိမ်တိုက်ကြားမှ ထွက်လာသော လပြည့်ဝန်းကဲ့သို့ လည်းကောင်း မိုးတိမ်ညိုဝဲ၌ပျံသန်းသော ဥဗျိုင်းကဲ့သို့လည်းကောင်း၊ လ, ပဋိဘာဂနိမိတ်ထင်၏။ (ဝိသုဒ္ဓိမဂ်မဟာဋီကာ) ၌ဆိုသည်ကား တာလကာရူပံ ဝိယာတိ၊ တာလကရူပံ ဝိယ ဟူသည်ကား တာလကပဘာဝိယ တာလက အရောင်ကဲ့သို့ဆိုသောကြောင့် ပဋိဘာဂနိမိတ်ဆိုတာ အရောင်ကိုယူပါ။

ဥပစာရ သမာဓိကို ပြဆိုချက်။

ဥပစာရသမာဓိဆိုတာဘာလဲ။ ဘယ်တရားကိုပါယ်သလဲ နီဝရဏကို ပါယ်ပါသည်။ နီဝရဏပါယ်နိုင်အောင် ဘယ်လို

အားထုတ်ပါသလဲ၊ ထွက်လေ ဝင်လေတို့သည် အလွန်သိမ်မွေ့၍ လာပါသည်။ ရှေ့နှာသီးဝ၌မြင်သောနိမိတ်ကို ထွက်လေ ထိသောအခါ အရောင်တို့သည် ပြိုးပြိုးပြက်တခဲနက် တောက်ပ၏၊ ဝင်လေဝင်လာသောအခါ ပါလာသကဲ့သို့ စိတ်၌ ထင်၏၊ ထိုအခါ၌ တစုံတခုသော အာရုံကို မျှစိတ်မကူးနိုင်၊ မသုံးသပ်နိုင် နိမိတ်ကိုဘဲ အဖန်တလဲလဲ သုံးသပ်၍နေခြင်းကြောင့် အညောင်းအညာ အကိုက်အခဲတို့သည် မရှိသကဲ့သို့ ထင်၏၊ ဤကဲ့သို့ထင်သောကြောင့် နိဗ္ဗာန်ကိုပါယ်သည်ဟု ဆိုနိုင်ပါသည်။

ဂန္ထဝိဘာဂနိမိတ်၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့၌ ယခုရေးပြသလိုအားထုတ်ပါဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ဆို၏၊

အရှင်မဟာမောဂ္ဂလာန်လည်း ဈာန်ကိုအလိုရှိသည်၊ အရှင်သာရိပုတ္တရာလည်း ဈာန်ကိုအလိုရှိသည်၊ ဘုရားသခင်လည်း ဈာန်ကိုအလိုရှိသည်၊ ထိုသို့ဖြစ်သောကြောင့် ရအပ်သော ဈာန်တရားကိုယူ၍သွားကြပါလေ၊ ဥပစာရသမာဓိသို့ ရောက်သောအခါ နီဝရဏတို့သည် ငြိမ်သက်၍ စိတ်တည်ကြည် ကြသောကြောင့် ဝိပဿနာကို ပွားက အလွယ်တကူနှင့် မဂ်တရားကို ရနိုင်ပါသည်၊ သို့မဟုတ် မဂ်တရားကိုရရန် အလွန်ခဲယဉ်းပါသည်။

ပထမ အကြိမ်

၁၉၆၇ - ခု ဧပြီလ

အုပ်ရေ ၃၀၀၀

(ဂမ္ဘီရ)

အဘိဓမ္မာ ရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်
( ၁၅၅၁ )
ဒေါ်သုန္ဒရစန္ဒီမယ်တော်
သက်န်းကျွန်း စံပြကျောင်းရွာထိပ်
ဣန္ဒြသဒယကုန်းမြေ-ကျောင်း
ရန်ကုန်မြို့မှ ဂမ္ဘီရထုတ်ဝေ၍....

ဒေါ်ခင်နု ( ၀၅၂၇ မြဲ) ပြည်သူ့ပုံနှိပ်တိုက်

၆၅-၉၃-လမ်း ကန်တော်ကလေး ရန်ကုန်မြို့တွင်

ရိုက်နှိပ်သည်။

(ဂမ္ဘီရနိ ပြုလိုသူများ)စာအုပ်မှုပိုင်ရှင်
ဆရာတော် ဦးအာသဘ၏ နှမ သက်န်းကျွန်းစံပြကျေးရွာ
ဝူစွံ့သယ ကုန်းခမြကျောင်း ဒေါ်သုန္ဒရမန့်
မယ်တော်ကြီးထံ ဆက်သွယ်ပါ။

ပုံနှိပ်သူ
ပုလော ရောင်စုံပုံနှိပ်တိုက်
အမှတ် ၁/၃·၉၄ လမ်း၊ ကန်တော်ကလေး
ပျံ့ကျွန် (၁၅·၀၃၈၀)